# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# နဝမနေ့အစီအစဉ်

# [၉-၇-၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဉာဏ်ဝင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်အတွင်းရှိ စိန်ပန်းမြိုင်လမ်း၊ ဗညားဒလလမ်း၊ မကွေးလမ်း၊ မင်းဘူးလမ်း၊ စစ်ကိုင်းလမ်း၊ စစ်တွေလမ်း၊ ပဲခူးလမ်းမကြီးများအား ကွန်ကရစ်လမ်းများအဖြစ် ခင်းကျင်းပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **ဝန်ထမ်းများအားဘုရားဖူးကဲ့သို့သော နိုင်ငံခြားသို့ခရီးသွားရောက်ခြင်း ခွင့်ပြုပေးရန်နှင့် တမူးနယ်စပ်မှ အိန္ဒိယနိုင်ငံဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားလာခြင်းကို ခွင့်ပြုပေးရန်အစီအစဉ် ရှိ/မရှိတို့**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **အရေးပေါ်စီမံမှုဥပဒေတွင် ပြစ်ဒဏ်များ တိုးထားခြင်းအား ပြန်လည်လျှော့ပေါ့ရန်နှင့် ဝိသမလောဘ စီးပွားရေးသမားများကို နှိမ်နင်းမှုများ၌ သုံးစွဲနေခြင်းများအား ဖယ်ရှားရန် အစီအစဉ်ရှိ/မရှိတို့** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **လိုင်စင်မဲ့မော်တော်ယာဉ်များကို ထိန်းချုပ်ဟန့်တားနိုင်မည့် ဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် တစ်နှစ်အာမခံလိုင်စင် (ဝိုးတက်) များသည် မည်သူတို့ထံမှ ထွက်ရှိအသုံးပြုနေသည်၊ ဖမ်းဆီးအရေးယူမှု မည်မျှရှိ၍ မည်ကဲ့သို့ ထိရောက်စွာအရေးယူဆောင်ရွက်သည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **၁၉၄၉ ခုနှစ် ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေ အရ တစ်နှစ်လျှင် အရေးယူခဲ့သည့် မှုခင်း အရေအတွက်၊ အရေးယူခံရသည့် အမျိုးသမီးငယ်များအား ကျန်းမာရေး၊ လူမှုရေးရှုထောင့်မှ ကူညီထားခြင်းနှင့်၁၉၄၉ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲရန် အစီအစဉ် ရှိ/မရှိတို့** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အား နိုင်ငံတော်မှ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးသိန်းညွန့်၊ သဃ်္ဘန်းကျွန်း မဲဆန္ဒနယ်၏ **တရားမဝင် ငွေတိုးချေးစား သူများအား ထိရောက်စွာ အရေးယူနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြန်လည်ပြင်ဆင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ကဝမြို့နယ် ကျားတက်၊ ကမာကလဲ ကျေးရွာများ အား မီးလင်းရေး ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးအင်ဖုန်ဆန်း၊ မချမ်းဘော မဲဆန္ဒနယ်၏ **မချမ်းဘောမြို့တွင်း၌ လျှပ်စစ်ဓာတ်အား ခွဲဝေပို့လွှတ်ခြင်း ညီမျှမှုမရှိ၍ ရပ်ကွက် အားလုံး သာတူညီမျှ မီးရရှိရန် စီမံဆောင်ရွက်ထားမှု ရှိ/မရှိနှင့် လျှပ်စစ်မီး ကို ည (၇) နာရီမှ (၁၀) နာရီ အထိ ပေါင်း (၃)နာရီ တိုးမြှင့်မီးလင်း နိုင်ရေး အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **ဟံစားကျေးရွာရှိ သစ်သား လျှပ်စစ်ဓာတ်တိုင်များအား ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေးရန် နှင့် ၂၅၀ ကေဗွီအေ ထရန်စဖော်မာအိုးတစ်လုံး ထပ်မံ တပ်ဆင် ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"ဆက်သွယ်ရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"ရေကြောင်းအတား အဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"မြစ်ချောင်း သွားလာမှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက **"တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၁၀။ **"တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ဖတ်ကြားရှင်းလင်းခြင်း။

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **"တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ၊အခြားစိတ်ပါဝင်စားသူများ ပါဝင်ဆွေးနွေးနိုင်ကြောင်း ကြေညာခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။